ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

အဋ္ဌမနေ့ အစည်းအဝေးမှတ်တမ်းအနှစ်ချုပ်

**၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်**

**(၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်)**

**(ကြာသပတေးနေ့)**

၁။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့ ၁၀:၀၀ နာရီ အချိန်တွင် စတင်ကျင်းပရာ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် အပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၆၀၆ ဦး တက်ရောက်သည်။

၂။ လွှတ်တော်အစည်းအဝေးတွင် အောက်ပါတို့ကို ဆောင်ရွက်ခဲ့သည်-

(က) နိုင်ငံတော်သမ္မတက ပေးပို့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အရေးပေါ်ရန်ပုံငွေ ကျပ် ၉၀၉၅.၂၆၂ သန်းအနက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကျပ် ၈၉၅.၀၅၄ သန်း ကျခံသုံးစွဲခဲ့သည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက ရှင်းလင်းတင်ပြပြီး မှတ်တမ်းတင်သည်။

( ခ ) နိုင်ငံတော်သမ္မတက ပေးပို့သော မြန်မာနိုင်ငံနှင့် ဘီနင်သမ္မတနိုင်ငံ၊ ကွန်ဂိုသမ္မတနိုင်ငံ၊ တိုဂိုသမ္မတနိုင်ငံအကြား သံတမန်အဆက်အသွယ်ထူထောင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက ရှင်းလင်းတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

( ဂ ) နိုင်ငံတော်သမ္မတက ပေးပို့သော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအတွက် စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ရန် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီထံမှ ယူရို ၃၅.၇ သန်း ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့က ပြန်လည် ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်က သဘောတူအတည်ပြုသည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လ အမျိုးသားစီမံကိန်းအစီရင်ခံစာနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာတို့

အပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၄/၂၀၁၉)နှင့် (၆/၂၀၁၉) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် အဆိုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ရာ ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီ၏ အစီရင်ခံစာ(၄/၂၀၁၉)နှင့် (၆/၂၀၁၉)တို့ကို သဘောတူအတည်ပြုပြီး ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လ အမျိုးသားစီမံကိန်းအစီရင်ခံစာနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာတို့ကို မှတ်တမ်းတင်သည်။

၃။ အစည်းအဝေးကို ၁၃:၁၀ နာရီတွင် ရပ်နားပြီး (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀-၅-၂၀၁၉ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာသည်။